ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၁၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ အစည်းအဝေး မရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဥပဒေကြမ်းအစည်းအဝေး။ ဦးကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေးမကောင်း။ ဦးနှင်းဝေ၊ ကယား(၁၂)၊ အလုပ်ရုံအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးရဲမြင့်၊ ပဲခူး(၄)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ သဘာဝပတ်ဝန်းကျင်အစည်းအဝေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ မျက်စိစမ်းသပ်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကျန်းမာရေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ လူမှုရေးကိစ္စတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ မဟာဂီတသီချင်းကြီးများကို မြန်မာစာတမ်းထိုးများဖြင့် ပြန်လည် ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ မဟာဂီတသီချင်းကြီးများကို မြန်မာစာတမ်းထိုးများဖြင့် ပြန်လည် ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး အမှူးရှိတဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံး ကျက်သရေမင်္ဂလာအားလုံးနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့အသံ ရုပ်မြင်သံကြား အစီအစဉ်ကနေ မဟာဂီတသီချင်းကြီးတွေကို မြန်မာစာတမ်းများနဲ့ ရေးထိုးပြီးတော့ ပြန်လည်ထုတ်လွှင့်ဖို့ အစီအစဉ် ရှိ/မရှိ မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ရေဒီယိုခေတ်က ဒီ မဟာဂီတသီချင်းကြီးကဏ္ဍတွေကို ညစဉ် (၈)နာရီ သတင်းများအပြီးမှာ (၉)နာရီအထိ ရက်ခြား ထုတ်လွှင့်ပေးနေတာကို မှတ်မိပါတယ်။ အင်္ဂါ၊ ကြာသပတေး ည(၇)နာရီ (၁၅)မိနစ် နိုင်ငံတကာသတင်းတွေ အပြီးမှာလည်း ဘဝကြေးမုံ ဇာတ်လမ်းစုံတို့၊ ဇာတ်လမ်းပမာတို့ ထုတ်လွှင့်ပြီးရင်လည်း လွှင့်ထုတ်လေ့ရှိပါတယ်။ ဟိုခေတ်ကတော့ ရေဒီယိုခေတ်ဦးကတော့ ဝင်ဒါမီယာ ကရက်ဆင့် အသံလွှင့်စက်ရုံကနေ တေးသီချင်းတွေကို တိုက်ရိုက် ထုတ်လွှင့်တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ဓာတ်ပြားတွေသွင်းပြီးတော့ လွှင့်ထုတ်တဲ့ စနစ်ဖြစ်လာပါတယ်။ ရုပ်မြင်သံကြားခေတ်ကို ရောက်လာတဲ့အခါမှာလည်း ဒီသီချင်းကြီးတွေကို သီချင်းကြီး တူရိယာအဖွဲ့ ဖျော်ဖြေခန်းဆိုပြီးတော့ ထုတ်လွှင့်နေတာကိုလည်းမှတ်မိပါတယ်။ ကျွန်တော်တို့ မြန်မာ့အသံမှာ ၁၉၆၂ ခုနှစ်ကနေ၊ ၁၉၈၂ ခုနှစ် နှစ်ပေါင်း(၂၀)အတွင်းမှာ ကျွန်တော်တို့ ကြိုးသီချင်း(၃၉)ပုဒ်၊ ဘွဲ့(၂၄)ပုဒ်၊ သီချင်းခံ(၂၈)ပုဒ်၊ ပတ်ပျိုး(၃၃၂)ပုဒ်၊ ယိုဒယား(၂၁၃)ပုဒ်၊ မွန်ဘောလယ်တေးထပ် အထွေထွေက (၁၄၃)ပုဒ် အပါအဝင် စုစုပေါင်းအပုဒ် (၇၈၀) ကို ထုတ်လွှင့်သွားတာကို တွေ့ရပါတယ်။

ဒီ မဟာဂီတဆရာကြီးမောင်မောင်လတ် ရဲ့ ဂီတဝိသောဒနီကျမ်းကတော့ ကြိုး(၆၈)ပုဒ်၊ ဘွဲ့(၅၉)ပုဒ်၊ သီချင်းခံ(၃၉)ပုဒ်နဲ့ ပတ်ပျိုး(၂၀၆)ပုဒ်၊ ယိုဒယား(၆၈)ပုဒ်၊ မွန်(၁၀)ပုဒ် စုစုပေါင်း(၄၅၀)ကို တွေ့ရပါတယ်။ ဒီလိုကွာခြားနေရခြင်းဟာလည်း ကျွန်တော်တို့ သီချင်းတစ်ပုဒ်ကို (၄)၊ (၅)၊ (၁၀)ဦး သီဆိုတာ ဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ဥပမာ - ပန်းမြိုင်လယ်ယိုးဒယားဆိုရင် (၈)ဦးက သီဆိုပါတယ်။ သံဆန်းသာ ရဂုံဘွေ ပတ်ပျိုးဆိုရင်လည်း (၈)ဦးက သီဆိုခဲ့ပါတယ်။ အဲဒီခေတ်က မဟာဂီတအဖွဲ့ (၁၂၆)ဖွဲ့က အဆိုတော် (၁၆၃)ဦးက လွှင့်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်ကို အနည်းဆုံးပျမ်းမျှ (၈)မိနစ်၊ (၁၀)မိနစ်ခန့် ကြာပြီးတော့ ဘုံပျံနတ်နန်းလို ပတ်ပျိုးမျိုးဆိုရင်တော့ မိနစ်(၄၀)လောက်ကြာတာကိုလည်း တွေ့ရပါတယ်။ စောင်းဦးသိန်းဖေ အဖွဲ့၊ စန္ဒယား မောင်ဌေးအောင် အဖွဲ့၊ စောင်း ကြည်ကြည်ဝင်း အဖွဲ့၊ စောင်း မောင်နေဝါ စတဲ့ သီချင်းကြီးတူရိယာတွေကို မှတ်မိပါတယ်။ နောက်ပိုင်း ဒီလိုအသံရော၊ ရုပ်ပါ မြင်ရတဲ့အတွက် ကာလပေါ် သီချင်း အဆိုတော်တွေတောင် သီချင်းကြီးဝင်ဆိုတာကို တွေ့မြင်ရပါတယ်။

ယခုအခါမှာ မြန်မာ့ရုပ်မြင်သံကြားမှာ သီချင်းကြီးအဖွဲ့ ဖျော်ဖြေခန်းဆိုတာ မတွေ့ရတော့ပါဘူး။ ဒါကြောင့် မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား အစီအစဉ် အခြားလိုင်းမှ စီစဉ်ထုတ်လွှင့်ပေးဖို့ ဂီတ ပညာရှင်ကြီးတွေက လိုလားလျက်ရှိကြပါတယ်။ ဒီလို သီချင်းကြီးတွေ ထုတ်လွှင့်ရာမှာလည်း ပရိသတ်တွေ လွယ်လွယ်ကူကူ သိမြင်နိုင်၊ နားလည်နိုင်ဖို့အတွက် မြန်မာစာတမ်းထိုးများ ထုတ်လွှင့်စေချင်ပါတယ်။ အသံကို နားထောင်ရမယ်ဆိုရင် တစ်ခါတစ်ခါမှာ အဓိပ္ပာယ်ကောက်တွေလည်း လွဲနိုင်ပါတယ်။ ကျွန်တော်တို့

လွှတ်တော်ဆွေးနွေးချက် မှတ်တမ်းတွေဟာ ကျွန်တော်တို့ အသံကို နားထောင်ပြီး လုံးကောက်ရေးရတဲ့ အခါမှာ ကျွန်တော် စာနာမိပါတယ်။ ဥပမာ - သီပေါမင်း အရိုးတော်ကိစ္စ ဆွေးနွေးတဲ့အခါမှာ ချွန်းတောင်းမြို့စားဆိုရင် စာအုပ်ထွက်လာတဲ့ အခါမှာကျတော့ ရွှန်းတောက်မြို့စားဆိုပြီး ဖြစ်နေပါတယ်။ ဥပမာ - သီပေါမြို့စား စောမြတ်ဆန္ဒေ ဆိုရင်လည်း အသံနားထောင်လိုက်တော့ စောမြတ်စန္ဒီ ဆိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် ဒီလိုသီချင်းတွေကိုလည်း မြန်မာစာတမ်း ထိုးပေးစေချင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ် က ကျွန်တော်တို့အိမ်နဲ့ မလှမ်းမကမ်းမှာ ဒီ မဟာဂီတကို အဆိုရော၊ အတီးရော သင်ကြားပေးတဲ့ ဆရာ ရှိပါတယ်။ အထူးသဖြင့်တော့ ဆေးလိပ်ခုံပိုင်ရှင်တွေ ၎င်းတို့ရဲ့ သား၊ မြေး တွေက လာသင်ပါတယ်။ ဥပမာ - အမေတစ်ခု၊ သမီးတစ်ခုလို ပိုင်ရှင်တွေဟာ မိသားစုနည်းတော့ ဒါ အပျင်းဖြေဖို့အတွက် သင်ကြားကြတာ ဖြစ်ပါတယ်။

ကျွန်တော်တို့က ဆရာနဲ့ရော၊ သင်ယူသူတွေနဲ့ပါ ရင်းနှီးနေတော့ ကျောင်းပိတ်ရက် ဆိုရင် စည်း၊ ဝါး ကိုင်ပြီးတော့ လိုက်ပြီးတော့ ဆိုပေးလေ့ရှိပါတယ်။ သင်ရိုးကတော့ စောစောက မောင်မောင်လတ် ရဲ့ ဂီတဝိသောဒနီကျမ်းကြီးပါပဲ။ အဲဒီမှာလည်း ကျွန်တော်တို့ ဆင်မင်းကြိုးကို တက်တဲ့ အခါမှာ ကျွန်တော်တို့က ဆင်ဖြူလာ၊ ဆင်နီလာဆိုတဲ့ အပိုဒ်ကို တွေ့တဲ့အခါမှာ ပုံနှိပ်တိုက်က စာလုံး ကျန်ခဲ့လို့ပဲဆိုပြီး ကိုယ့်သဘာနဲ့ကိုယ် ဝိစပေါက်တွေ ထည့်ပြီးတော့ ဆင်ဖြူလား၊ ဆင်နီလား စတဲ့ဟာတွေကို ထည့်ပြီးတော့ မှားပြီးတော့ ဆိုခဲ့မိပါတယ်။ ဒီလိုအမှားမျိုးတွေဟာလည်း ကျွန်တော်တို့ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည် ဒါ သီချင်းကြီး စီစစ်ရေးဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်စဥ်ကလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ ကျွန်တော်ပြောတဲ့ စောစောက ပြောသလို ဝေဘာဂီရိတောင်နယ်တွင် အစချီတဲ့ ဒီဆင်မင်းကြိုးကို တည်းဖြတ်ပါတယ်။ ဒီအထဲမှာပဲ ကျွန်တော် စောစောကပြောသလို ဆင်ဖြူလာ၊ ဆင်နီလာ၊ ဆက်ရမည်အမှန်သာ၊ ဆီးတား၊ ဆီးတား ဆိုတဲ့ အပိုဒ်ပါပါတယ်။ ဒီအခါမှာ အမည်မဖော်လိုတဲ့ ပညာရှင်ကြီး နှစ်ဦးက ဆင်ကို လာလာဆိုတဲ့ ခေါ်နေတဲ့ သဘောမျိုးဖြစ်နေတယ်။ လား ဆိုတာ ဖြစ်ရမယ်ဆိုပြီး အငြင်းအခုန်တွေ တော်တော်ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ မကြာခင်က ကွယ်လွန်သွားတဲ့ ပညာရှင်ကြီး ဦးဖိုးလတ် က ဝင်ရောက်ပြီးတော့ ရှင်းပြပါတယ်။ လာ နဲ့ သာ ကို ကာရံယူထားတာ ဖြစ်ပါတယ်လို့ တင်ပြမှသာလျှင် မဟာဂီတတွေက မူရင်းအတိုင်း ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ (၈)စင်းမြောက် ဆင်ဖြူတော်ရတနာလေး မွေးဖွားပေါ်ထွန်းလာတာကို သတင်းစာတွေထဲမှာ ဖတ်ရတော့ ဒီဆင်မင်းကြိုးကို ပြန်လှွင့်ရင် ကောင်းမှာပဲလို့ ဒါတမ်းတမိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာ့ရုပ်မြင်သံကြားမှာ မဟာဂီတသီချင်းတွေ ပြန်လည်ထုတ်လွှင့်ပေးဖို့နဲ့ မြန်မာစာတမ်းထိုးတွေ ဖော်ပြပေးနိုင်ဖို့ အစီအစဥ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မဟာဂီတသီချင်းကြီးတွေကို မြန်မာစာတမ်းထိုးပြီးတော့ လုပ်ခဲ့တာ မြန်မာ့ရုပ်မြင်သံကြား မဟုတ်ပါဘူး။ မြဝတီရုပ်မြင်သံကြားမှာ ဗိုလ်ချုပ်ခင်အောင်မြင့် ဆိုတဲ့လူ လုပ်ခဲ့တာပါ။ ဒါပေမဲ့ စာတမ်းထိုးတဲ့ သူတွေက မှန်အောင်မထိုးနိုင်တော့ သီချင်းတစ်ပုဒ်၊ တစ်ပုဒ်ကို (၁၅)ခါလောက် ပြန်ပြင်၊ ပြန်စစ်နေရတဲ့အခါကျတော့ သိပ်များများမလုပ်နိုင်ခဲ့ဘူး။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဦးပိုက်ထွေး (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားမှာ သီချင်းကြီး (၁၈၅)ပုဒ်၊ ဂီတဗိမာန်စာပေဆုရ ရွှေကူနန်းနွဲ့နွဲ့ တင်ဆက်တဲ့ ပီသ ကြည်မြ မဟာဂီတ ခေါင်းစဉ်နဲ့ သီချင်း(၃၉)ပုဒ်နဲ့ အဆိုတော် ဒေါ်သင်းသင်းမြတ် တင်ဆက်ထားတဲ့ ဂီတမဟာပျော်စရာ ခေါင်းစဉ်ဖြင့် သီချင်း(၂၆)ပုဒ်၊ စုစုပေါင်း အပုဒ်ရေ(၂၅၀) ရှိပါတယ်။ ၎င်းအပြင် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှာ အဆိုမဟာဂီတဆုရရှိတဲ့ သီချင်းတွေကိုလည်း ထုတ်နုတ်ပြီးတော့မှ ယခုအချိန်အထိ ထုတ်လွှင့်ပြသလျက်ရှိပါတယ်။ ယခင်က သီချင်းကြီးပဒေသာ အစီအစဉ်အဖြစ် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ(၅)နာရီခွဲအချိန်မှာ တေးသီချင်း (၂)ပုဒ်ကို ၂၀၀၈ ခုနှစ်၊ မတ်လကုန်အထိ ထုတ်လွှင့်ပေးခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ(၅)နာရီအချိန်မှာ တေးသီချင်းတစ်ပုဒ်ကို ဆက်လက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာအသံနှင့် ရုပ်မြင်သံကြား အနေနဲ့ ပြင်ပက ရိုက်ကူးပေးပို့လာတဲ့ ပီသ ကြည်မြ မဟာဂီတ နဲ့ ဂီတမဟာ ပျော်စရာ အစီအစဉ်တွေကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလက စပြီးတော့မှ တစ်ပတ်လျှင် တစ်ကြိမ်၊ တစ်လှည့်စီ တေးသီချင်း (၂)ပုဒ်၊ (၃)ပုဒ်ကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ညနေ(၅)နာရီအချိန်မှာ ထုတ်လွှင့် ပေးလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက စတင်ပြီးတော့မှ သီချင်းကြီး မဟာဂီတ အစီအစဉ်ကို နံနက်ပိုင်းမှာ ထုတ်လွှင့်ပြီး ညနေပိုင်းမှာ ပီသ ကြည်မြ မဟာဂီတ နဲ့ ဂီတမဟာ ပျော်စရာ အစီအစဉ်တွေကို တစ် ပတ်လျှင် တစ်ကြိမ် တစ်လှည့်စီ ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပေးလျက်ရှိရာ ယခုအချိန်အထိ ဖြစ်ပါတယ်။ မြန်မာအသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှာ သီချင်းကြီးများကို သံစဉ်အတိုင်း ထည့်သွင်းထုတ်လွှင့်ပါတယ်။ သီချင်းခန့်၊ ဘွဲ့၊ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ သံဆန်း၊ ဒိန်း၊ မြင်းခင်း၊ တေးထပ်၊ ဘောလယ်၊ လေ့တော်သံ၊ ရေကင်းသံများကိုလည်း အစီအစဉ်အတိုင်း ထည့်သွင်းထားပါတယ်။

မြန်မာအသံနှင့် ရုပ်မြင်သံကြား အနေနဲ့ ဘုတ်အဖွဲ့ ပညာရှင်ကြီးများနဲ့ ဆက်သွယ်ပြီးတော့မှ မဟာဂီတတေးသီချင်းများ ရိုက်ကူးခဲ့ပါတယ်။ ထိုသို့ ရိုက်ကူးရာမှာ တေးသီချင်းသီဆိုသူများဟာ အသက်အရွယ်ကြီးရင့်ပြီးတော့မှ တေးသီချင်း၊ စာသား၊ စကားလုံးပီသမှု မရှိခြင်း၊ အသံအဆွဲအငင် မရခြင်းတို့

ကြောင့် ဘုတ်အဖွဲ့ပညာရှင်ကြီးများရဲ့ အကဲဖြတ်ဆုံးဖြတ်ချက်ပေးတဲ့ စံမီတဲ့ တေးသီချင်းတွေကိုသာ ရိုက်ကူးထုတ်လွှင့်ပေးခဲ့ပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံဂီတအစည်းအရုံးနဲ့ ပူးပေါင်းပြီး ရိုက်ကူးထုတ်လုပ်လျက်ရှိပါတယ်။ နောက်ပိုင်းမှာ တေးသီချင်းကြီးများ ထုတ်လွှင့်ရာမှာ မြန်မာစာတန်းထိုး ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ယခုလက်ရှိအချိန်အထိ သီချင်းကြီး အစီအစဉ်များ ပီသ ကြည်မြ မဟာဂီတ၊ ဂီတမဟာ ပျော်စရာနဲ့ ဆို၊ က၊ ရေး၊ တီးမှ သီချင်းကြီး၊ မဟာဂီတ သီချင်းများကို ထုတ်နုတ်၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းနှင့် အခြားအလျဉ်းသင့်သည့် နေ့ရက်များမှာ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်းနှင့် မဟာဂီတတေးသီချင်းကြီးများနဲ့ ပတ်သက်ပြီးတော့မှ တေးသီချင်းများကို ပိုမိုတင်ဆက်နိုင်ရေးနဲ့ ခုန ကျွန်တော်တင်ပြခဲ့တဲ့ မြန်မာစာတန်းထိုးနဲ့ ထုတ်လွှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီး တွင် WCDMA, CDMA - 450 MHz , CDMA - 800 MHz , GSM တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမောင် က ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီး တွင် WCDMA, CDMA - 450 MHz , CDMA - 800 MHz, GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဖာဆောင်းမြို့နယ်၊ မော်ချီး ကျေးရွာအုပ်စု၊ မော်ချီးတွင် WCDMA, CDMA - 450 MHz, CDMA - 800 MHz, GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ကယားပြည်နယ်၊ ဖာဆောင်းမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျသည့် မြို့နယ် ဖြစ်ပါတယ်။ ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးသည် ဖာဆောင်းမြို့နဲ့ (၂၁)မိုင် ကွာဝေးပါတယ်။ ကယားပြည်နယ်မြို့တော် လွိုင်ကော်နဲ့ (၉၆)မိုင် ကွာဝေးပါတယ်။ ဖာဆောင်းမြို့နဲ့ တောင်တန်းများ ကာဆီးထားကာ ပင်လယ်ရေ မျက်နှာပြင်အထက် ပေ(၄၀၀၀)ကျော် တောင်ထိပ်ပေါ်တွင် တည်ရှိပါတယ်။ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးသည် သတ္တုတူးဖော်ထုတ်လုပ်ရာဒေသ ဖြစ်ပါတယ်။ မော်ချီးကျေးရွာအုပ်စု အနီးပတ်ဝန်းကျင်တွင် ရွာပေါင်း(၄၀)ကျော် ရှိပါတယ်။ မော်ချီးကျေးရွာတွင် မော်ချီးတောင်ပေါ်(၃)ရပ်ကွက်၊ မော်ချီးအောက်ရွာ (၄)ရပ်ကွက်၊ လုခါးလူ(၄)ရပ်ကွက် စုစုပေါင်း (၁၁)ရပ်ကွက်ရှိကာ အိမ်ခြေ(၂၀၀၀)ခန့်ရှိပါတယ်။ ဒေသခံပြည်သူ လူဦးရေ(၂၀၀၀၀)ခန့်ရှိပြီး မော်ချီးသတ္တုတွင်းတွင် လာရောက် သတ္တုတူးဖော်အလုပ်လုပ်ကြတဲ့ ပုံကျရွှေ့ပြောင်းအလုပ်သမား

များနှင့် မိသားစုဝင်ဦးရေမှာ (၂၀၀၀၀)ခန့် ရှိပါတယ်။ ဒေသခံပြည်သူတွေနဲ့ အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းပြည်သူ ပျံကျအလုပ်သမားများ စုစုပေါင်း လူဦးရေ (၄၀၀၀၀)ခန့် ရှိပါတယ်။ သတ္တုတူးဖော်ထုတ်လုပ်ခြင်းဖြင့် ပြည်သူအများစုမှာ ဝင်ငွေကောင်းကြပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးသည် ယခင်အစိုးရလက်ထက်က မော်ချီးမြို့နယ်(ခွဲ) အဖြစ်ပြုလုပ်ရန် လျာထားခဲ့ပါတယ်။ သို့သော် မော်ချီးသည် မြို့နယ်(ခွဲ)ပြုလုပ်ရန် မြေနေရာ ရှိသော်လည်း လုံခြုံရေး အခြေအနေအရလည်းကောင်း၊ လက်ရှိလူနေအိမ်နဲ့ အဆောက်အဦများ အချို့သည် သတ္တုတွင်းမြေဧရိယာပေါ်တွင် တည်ရှိခြင်းကြောင့် မြို့နယ်(ခွဲ)အဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သိရှိရပါတယ်။ ယခုအခါ မော်ချီးဒေသသည် လုံခြုံမှုရှိပြီး အေးချမ်းသာယာလာပြီ ဖြစ်ပါတယ်။ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း IP Star ဖုန်းလိုင်းတစ်ခုတည်းသာ အားပြုနေရပါတယ်။ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတိုင်းတွင် အချို့ပြည်သူများ မိုဘိုင်းဖုန်းများ ဝယ်ယူထားကြပြီး ဆက်သွယ်ပြောဆိုမရသောကြောင့် ပြည်သူများ၏ တင်ပြမေးမြန်းချက်ကို မိမိတို့အနေနဲ့ လွှတ်တော်တွင် တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒါကြောင့် တာဝါတိုင် စိုက်ထူပေးမည်ဆိုပါက ပြည်သူများ မိုဘိုင်းဖုန်း ပြောဆိုလာနိုင်လျှင် ဒေသခံပြည်သူများ အနယ်နယ်အရပ်ရပ်မှ သတ္တုတူးဖော် ပျံကျအလုပ်သမားများနှင့် မိသားစုဝင်များဟာ ရပ်နီးရပ်ဝေးနေ ဆွေမျိုးများ၊ မိဘများထံမှ အလွယ်တကူ ဆက်သွယ်ပြောဆိုလာရလျှင် ဝမ်းသာမဆုံးဖြစ်ကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏အသံ သူတို့၏ လိုအပ်ချက်နှင့် လိုလားတောင်းတချက်များအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီး အနေဖြင့် အသွားအလာလည်းခက် ဆက်သွယ်ရေးလည်း မပျက်ရလေအောင် မိုဘိုင်းတာဝါတိုင်ကို ဦးစားပေး ဆောင်ရွက်ပေးသင့်ပါကြောင်း ပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

မေးမြန်းလိုတဲ့ မေးခွန်း။ (၁) ကယားပြည်နယ် ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးတွင် တာဝါတိုင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ရှိပါက မည်သည့်အချိန်တွင် လျာထား ဆောင်ရွက် ပေးနိုင်မည်နည်း။ (၃) ဆောင်ရွက်နိုင်ခြင်း မရှိပါက မည်သည့်အကြောင်းကြောင့်နည်း သိရှိလိုပါ၍ ပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှမောင် ရဲ့ ကယားပြည်နယ်၊ ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးတွင် WCDMA, CDMA - 450 MHz , CDMA - 800 MHz, GSM တာဝါတိုင် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် ဦးသောင်းတင် ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မှ ဖြေကြားသွားပါမယ် ခင်ဗျား။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ကယားပြည်နယ်အတွင်းမှာ လွိုင်ကော် ဒီမောဆိုမြို့နယ်များမှာ ရေဒီယို စခန်းပေါင်း(၅)ခု တည်ဆောက်ထားပေးခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ အဲဒါအပြင် GSM စခန်း(၃)ခု၊ WCDMA စခန်း(၂)ခု၊ CDMA - 450 စခန်း(၃)ခု တပ်ဆင်ပြီး ဖွင့်လှစ်ထားရှိပါတယ်။ ကျွန်တော်တို့ ဆက်လက်တိုးချဲ့တဲ့အနေနဲ့ မိုဘိုင်းရေဒီယိုစခန်းတွေကို လွိုင်ကော်မြို့နယ်မှာ (၂)ခု၊ မယ်စဲ့မြို့နယ်မှာ (၁)ခု၊ ဒီမောဆိုမြို့နယ်မှာ (၁)ခု၊ ဖရူဆိုမြို့နယ်မှာ (၁)ခု၊ ဘောလခဲမြို့နယ်မှာ (၁)ခုနဲ့ ခုန ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဖာဆောင်းမြို့နယ်မှာ စခန်း(၁)ခု စုစုပေါင်းစခန်း(၇)ခု ထပ်မံတည်ဆောက်လျက်ရှိပါတယ်ခင်ဗျား။ ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အတွင်းမှာ ပြီးစီးမှာ ဖြစ်ပါတယ်။

မိုဘိုင်းဆက်သွယ်ရေး ရရှိဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့ အစိတ်အပိုင်း(၃)ပိုင်း လိုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ Fiber သို့မဟုတ် မိုက္ကခရိုဝေ့ဗ် နဲ့ ဆက်သွယ်ရတဲ့ Transmission လိုအပ်ပါတယ်။ အဲဒါအပြင် တာဝါလိုအပ်ပါတယ်ခင်ဗျ။ ပြီးလို့ရှိရင် GSM သို့မဟုတ် CDMA ရေဒီယိုစက်ပစ္စည်းတွေ တပ်ဆင်ဖို့ လိုအပ်ပါတယ်ခင်ဗျား။ လက်ရှိ ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးမှာ ကျွန်တော်တို့အနေနဲ့ တာဝါတိုင် စိုက်ထူပေးဖို့ ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ဆောင်ရွက်နိုင်ခြင်း မရှိတဲ့ အဓိကကြောင်းရင်းကတော့ ကျွန်တော်တို့ ခုန တင်ပြတဲ့ အစိတ်အပိုင်း (၃)ခုမှာ ပထမ အစိတ်အပိုင်းဖြစ်တဲ့ Fiber သို့မဟုတ် Microwave Transmission ရရှိခြင်း မရှိသေးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ Viber ကနေ Video Call ခေါ်လို့ ရပြီဆိုတာ ဟုတ်လား။

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)** ။ ။ ဟုတ်ပါတယ်ခင်ဗျ။ Viber တို့ Skype တို့ဆိုတာက သူက အင်တာနက်ကနေ တစ်ဆင့် အသံကို ပြောင်းပြီး ခေါ်ဆိုတာ ဖြစ်ပါတယ်ခင်ဗျ။ အရင်တုန်းကတော့ အသံတိုက်ရိုက်ပဲ ခေါ်ဆိုတာကို ခွင့်ပြုထားပါတယ်။ ဒီနောက်ပိုင်းမှာတော့ အင်တာနက်ပေးပြီးတဲ့ နောက်ပိုင်းမှာတော့ ဒီဟာကို အင်တာနက်ရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ သတ်မှတ်လိုက်တဲ့ အတွက်ကြောင့် ဒီဟာကိုတော့ ကန့်သတ် ထားခြင်း မရှိတော့ပါဘူးခင်ဗျ။ ကျွန်တော်တို့ နည်းပညာ အခေါ်အဝေါ်နဲ့တော့ Video IP လို့ ခေါ်ပါတယ် ခင်ဗျ။ ခုချိန်မှာ ကျွန်တော်တို့က Viber, Skype တို့ သုံးစွဲပြီးတော့ ကျွန်တော်တို့ စကားပြောဆိုခြင်း Video ပုံနဲ့ Video Call လုပ်တာ၊ နောက်တစ်ခုက ဓာတ်ပုံပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကို ပိတ်ပင်တားဆီးထားခြင်း မရှိပါဘူး။ နောက် အခု အသစ်ထွက်ပေါ်လာတဲ့ ဆက်သွယ်ရေးနည်းဥပဒေအရ ဆိုလို့ရှိရင် ဆက်သွယ်ရေးဥပဒေအရ ဆိုလို့ရှိရင်လည်း ဒီလုပ်ငန်းတွေကို သီးခြားလိုင်စင်ပေးပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေရဲ့ တယ်လီဖုန်းတွေကို ဒီမှာ လာပြီးတော့ System တင်ပြီးတော့ Viber Video Call လုပ်ပေးလို့ မရဘူးလား။

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)**။ ။ ရပါတယ်ခင်ဗျ။ သူက အင်တာနက် ရှိပြီဆိုလို့ရှိရင် အင်တာနက် ကနေပြီးတော့ Viber ကို Free Download လုပ်လို့ရပါတယ်ခင်ဗျ။ Download လုပ်ပြီး သုံးစွဲလို့ ရပါတယ်။ အဲဒီတော့ သူ့အနေနဲ့ ကောင်းသွားတာ တစ်ခုကပြည်တွင်းတွင် မက တခြားပြည်ပမှာလည်း Viber ရှိတဲ့ လူအချင်းချင်း ကျွန်တော်တို့ International Call Charges ပေါ့လေ။ နိုင်ငံခြား Call Charges ပေးစရာ မလိုဘဲနဲ့ အင်တာနက် သုံးစွဲခပဲ ပေးပြီးတော့ သုံးစွဲသွားလို့ရပါတယ်။ အကယ်၍ အင်တာနက်က Free ရတဲ့ Wifi Free ရတဲ့ နေရာဆိုရင်တော့ ဒါ Free သုံးလို့ရသွားတာ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ဆောင်ရွက်ပေးပါမယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ အထူးကျေးဇူးတင်ပါတယ်။ Team တစ်ခုလောက်ဖွဲ့ပြီး လာလုပ်ပေးပါ။ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လွှတ်တော်အစည်းအဝေး ကျင်းပချိန်မှာတော့ တယ်လီဖုန်းတွေကို Airplane Mode လုပ်ထားဖို့ လိုတယ်နော်။ ဖုန်းမြည်သံ မကြားဖို့ လိုတယ်။ ကျေးဇူးပဲ။

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရေဖြူမြို့၊ (၈)ရပ်ကွက်၊ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က ရေဖြူမြို့၊ (၈)ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေဖြင့်

ရေဖြူမြို့ (ဂ)ရပ်ကွက်၊ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဖြူမြို့ကို ရပ်ကွက်(၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းပြီး အနောက်ဘက်ခြမ်းတွင် (က)ရပ်ကွက် နှင့် (ခ)ရပ်ကွက်၊ အရှေ့ဘက်ခြမ်းတွင် (ဂ)ရပ်ကွက် နှင့် (ဃ)ရပ်ကွက် နှစ်ခြမ်းခွဲ၍ ထားဝယ်မြစ်က ပိုင်းခြားထားပါတယ်။ ရေဖြူမြို့ (က) နှင့် (ခ)ရပ်ကွက်တွင် အထက်တန်းကျောင်းရှိပြီး အရှေ့ဘက်ခြမ်း (ဂ)ရပ်ကွက်တွင် မူလွန်ကျောင်းနှင့် (ဃ)ရပ်ကွက်တွင် မူလတန်းကျောင်း ရှိပါတယ်။ (ဂ)ရပ်ကွက် မူလတန်းကျောင်းကို ၁၉၉၀-၁၉၉၁ ပညာသင်နှစ်တွင် ကျောင်းဆောင်သစ် (၉၀ ပေ x ၃၀ ပေ) ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် မူလွန်ကျောင်းအဆင့်သို့ တိုးမြင့်ခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် သူငယ်တန်း(၃၆)ဦး၊ ပထမတန်း(၃၅)ဦး၊ ဒုတိယတန်း(၂၅)ဦး၊ တတိယတန်း(၂၆)ဦး၊ စတုတ္ထတန်း(၂၄)ဦး၊ ပဉ္စမတန်း(၃၄)ဦး၊ ဆဋ္ဌမတန်း(၃၁)ဦးနှင့် သတ္တမတန်း(၃၄)ဦး စုစုပေါင်း(၂၄၅)ဦးကို ဆရာ(၆)ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။ ရေဖြူမြို့ (ဂ)ရပ်ကွက်၊ မူလတန်းကျောင်းကို ၁၉၉၀-၁၉၉၁ ခုနှစ်တွင် နိုင်ငံတော်မှ ကျောင်းဆောင်သစ် (၉၀ ပေ x ၃၀ ပေ) ဆောက်လုပ်ခဲ့ပါတယ်။ ရေဖြူမြို့ (ဂ)ရပ်ကွက်တွင် အိမ်ထောင်စု(၃၃၃)စု၊ လူဦးရေ(၁၈၅၇)ဦး နေထိုင်လျက်ရှိပါတယ်။ ရေဖြူမြို့ (ဂ)ရပ်ကွက် မူလွန်ကျောင်းကို (ဃ)ရပ်ကွက်၊ တလိုင်းယာကျေးရွာ၊ ကလုံးတာကျေးရွာ၊ ဒေါက်လောက်ကျေးရွာမှ မူလတန်းအောင် ကျောင်းသားများလည်း နှစ်စဉ်လာရောက်၍ အလယ်တန်းပညာ သင်ကြားလျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ ဆောက်လုပ်ထားတဲ့ (၉၀ ပေ x ၃၀ ပေ) ကျောင်းဆောင်ဖြင့် မျှတမှု မရှိပါသဖြင့် မိဘပြည်သူများသည် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် (၃၀ ပေ x ၃၀ ပေ) အခန်းတစ်ခန်း၊ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် (၃၀ ပေ x ၃၀ ပေ)အခန်းတစ်ခန်း၊ နှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် (၃၀ ပေ x ၃၀ ပေ) အခန်းတစ်ခန်း၊ ပေါင်းကျောင်းခန်းအသစ် အခန်း(၃)ခန်းကို မူလတန်းကျောင်းနှင့် တစ်ဆက်တည်း တိုးချဲ့ဆောက်လုပ်သဖြင့် ကျောင်းဆောင်မှာ (၁၈၀ ပေ x ၃၀ ပေ) ရှိပြီး၊ (၃၀ ပေ x ၃၀ ပေ) စာသင်ခန်း(၃)ခန်းနှင့် ဟောခန်းတစ်ခန်း ဖြစ်ပါတယ်။ (၃၀ x ၃၀ ပေ) စာသင်ခန်း(၃)ခန်းတွင် စတုတ္ထတန်း၊ ပဉ္စမတန်း၊ သတ္တမတန်း ကျောင်းသားများကို စာသင်ကြားပေးလျက်ရှိပါတယ်။ (၉၀ ပေ x ၃၀ ပေ) ဟောခန်းတွင် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းနှင့် ဆဋ္ဌမတန်းကျောင်းသား (၁၅၃)ဦးကို ကျောင်းသားအပေါ် မူတည်၍ သင့်တော်သော အခန်းအရွယ်အစားဖြင့် အခန်း(၅)ခန်းကို ယာယီခွဲကာ ပညာသင်ကြားပေးလျက်ရှိပါတယ်။ ကျောင်းသားဦးရေနှင့် စာသင်ခန်းမှာ မျှတမှု မရှိသဖြင့် ကျောင်းသားများ စာသင်ကြားရာတွင် စိတ်အနှောင့်အယှက်ဖြစ်ကြရပြီး စိတ်ပါဝင်စားမှု အားနည်းလျက်ရှိပါတယ်။

ဒါ့အပြင် စာကြည့်ခန်း၊ ဆရာများရုံးခန်း၊ နားနေဆောင်များလည်း မရှိသဖြင့် ဆရာများမှာလည်း နေရာအခက်အခဲများ ရှိနေကြပါတယ်။ ကျောင်းဝင်းဧရိယာမှာ (၁.၉၈)ဧကရှိ၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေနေရာ ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရသစ်သည် ပညာရေးမြှင့်တင်ရန် အခမဲ့ မူလတန်းပညာ မသင်မနေရနှင့် အလယ်တန်းပညာ သင်ယူရေး စီမံချက်များ ချမှတ်အကောင်အထည် ဖော်ခြင်းကြောင့်လည်းကောင်း၊ မိဘများမှာလည်း ပညာရေးကို စိတ်ပါဝင်စားလာပြီး အားပေးလာခြင်း

ကြောင့်လည်းကောင်း၊ ကျောင်းသူ/ကျောင်းသားများမှာ နှစ်စဉ် တိုးတက်လာနေပြီ ဖြစ်ပါတယ်။ ရေဖြူမြို့ (ဂ)ရပ်ကွက် မူလွန်ကျောင်းတွင် နှစ်စဉ် ကျောင်းသားများ တိုးတက်လာနေခြင်းကြောင့် စာသင်ဆောင်နှင့် ကျောင်းသားဦးရေ မျှတမှုရှိရန် ကျောင်းဆောင်သစ် တစ်ဆောင်မှာ လိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ရေဖြူမြို့နယ် (ဂ)ရပ်ကွက် မူလတန်းကျောင်း၌ (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ် တစ်ဆောင်ရရှိရေး ဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများမှ တင်ပြတောင်းခံလာပါသဖြင့် ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) ရေဖြူမြို့ (ဂ)ရပ်ကွက် မူလွန်ကျောင်းတွင် (၆၀ x ၃၀ ပေ) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် (၂) ရှိပါက မည်သည့် အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အ.လ.ကကျောင်း(ခွဲ)ဟာ တောင်ပေါ်မှာ တည်ရှိပြီးတော့ ဒေသခံပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသူ/ကျောင်းသားများအတွက် အင်မတန်ပဲ ပညာသင်ကြားရေးအတွက် အကျိုးသက်ရောက်မှု ရှိပါတယ်။ နယ်မြေခံ ဒေသခံပြည်သူများ ကျေးရွာအုပ်စု(၃)စု ရှိပြီးတဲ့အတွက် အထူးအားကိုးအားထားရတဲ့ ကျောင်းဖြစ်တဲ့ အတွက်ကြောင့် အ.လ.က ကျောင်း(ခွဲ)ကနေပြီးတော့ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း တင်ပြသော်လည်း မရရှိဘူးလို့ လာတင်ပြကြပါတယ်။ အဲဒီကျောင်းက နယ်မြေဒေသအတွက် အထူးလိုအပ်ခြင်း ဖြစ်တဲ့အတွက်ကြောင့် မေးမြန်းလိုသည်မှာ ကျောက်ကြီးတောင် အ.လ.က ကျောင်း(ခွဲ)ကို အ.လ.က အဆင့်သို့ တိုးမြှင့်ပေးဖို့ အစီအစဉ် ရှိ/မရှိ တိုးမြှင့်ပေးပါက မည်သည့် ပညာသင်နှစ်မှာ တိုးပေးမယ့် အစီအစဉ် ရှိပါကြောင်း ပြည်သူများရဲ့ကိုယ်စား

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က တနင်္သာရီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ရဲ့ ရေဖြူမြို့၊ (၈)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှု အခြေအနေ၊ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက် တန်းစီဇယားအရ ကိုက်ညီမှုရှိသည့် ရေဖြူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း (၁၆)ကျောင်းအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားချက်စာရင်းတွင် ငွေကျပ်(၈၅၈.၆၀)သန်းကို လျာထားတင်ပြပေးပြီး ဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်ကြီး တင်ပြလာသော ရေဖြူမြို့နယ်၊ (၈)ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပညာရေးမှူးတို့ ပါဝင်သော အဖွဲ့ဖြင့် ဦးစားပေး အစီအစဉ်အလိုက် တင်ပြလာပါက ဦးစားပေးအလိုက် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကရင်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ရဲ့ သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပဉ္စမတန်း(၈)ဦး၊ ဆဋ္ဌမတန်း(၈)ဦး၊ သတ္တမတန်း(၉)ဦးနှင့် အဋ္ဌမတန်း(၁)ဦး၊ စုစုပေါင်း အလယ်တန်းဆင့်သင် ကျောင်းသားဦးရေ (၂၆)ဦးသာ ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မှုများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အဦ ပရိဘောဂ ပြည့်စုံမှု ရှိ/မရှိ တို့အပေါ် ထည့်သွင်းစဉ်းစား သတ်မှတ်ပါတယ်။ သို့ရာတွင် ကျောင်းအဆောက်အဦ မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ၊ သတ်မှတ်ချက်အဆင့် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်နှင့် တင်ပြလာပါက ကျောင်းအဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောင်းအဆင့် တိုးပေးမယ့်ကိစ္စကို အဆောက်အဦနဲ့ ပရိဘောဂ ပြည့်စုံခြင်း ရှိ/မရှိ ဆိုတာတော့ ထည့်သွင်းစဉ်းစားဖို့ မသင့်ဘူးထင်တယ်။ ကျောင်းသား ရှိဖို့ပဲ လိုတာပဲ။ ကျောင်းသား ရှိရင် လိုတဲ့ အဆောက်အဦနဲ့ ပရိဘောဂကတော့ ဆောက်ပေးရမှာပေါ့၊ ဖြည့်ပေးရမှာပေါ့၊ စဉ်းစားတဲ့ နေရာမှာ။ အဲဒီတော့ ကျောင်းသား ရှိတယ်/မရှိဘူး ဆိုတဲ့အပေါ် မူတည်ပြီးမှသာ ဒါ ပေးသင့်တယ်ဆိုရင် ပေးပါ။ အောက်က အဆင့်ဆင့်တင်လာမှ ပေးမယ်ဆိုတဲ့ကိစ္စကျတော့ မတင်ပေးရင် ဘယ်လိုလုပ်မလဲ။ မတင်ပေးလို့ ဒီမှာ တင်တာပေါ့။ အောက်ကသာ တင်ပေးမယ်ဆိုရင် ဒီမှာ တင်စရာ အကြောင်းကို မရှိဘူး။ တင်ပြစရာအကြောင်းကိုမရှိဘူး ပြည့်စုံနေလို့ရှိရင်။ ဒါတွေလည်း ပြန်စဉ်းစားဖို့တော့ လိုပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဆိပ်ဖြူမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ အား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ အား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်ဟာ ရပ်ကွက်(၄)ခု၊ ကျေးရွာအုပ်စု(၄၂) အုပ်စု၊ ကျေးရွာပေါင်း(၁၃၈)ရွာနဲ့ ဖွဲ့စည်းတည်ဆောက်ထားပြီး လူဦးရေ စုစုပေါင်း (၁၃၄၀၀၀) ကျော် နေထိုင်လျက်ရှိကြပါတယ်။ ဆိပ်ဖြူမြို့နယ်၏ လက်ရှိ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေမှာ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန RHC (၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ RHS (၂၂)ခု၊ ဆရာဝန်(၄)ဦး၊ သူနာပြု(၁၇)ဦး၊ သားဖွားဆရာမ (၂၂) ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၃) ဦးတို့ဖြင့် တစ်မြို့နယ်လုံးရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆိပ်ဖြူမြို့နယ်ဟာ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ စလင်းမြို့နယ်များနဲ့လည်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူများကလည်း ဆိပ်ဖြူမြို့နယ်ရှိ ဆေးရုံကြီးသို့ လာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူကုသကြရပါတယ်။ ဆိပ်ဖြူမြို့နယ်ဆေးရုံသို့ လာရောက်ကုသခံယူကြတဲ့ လူနာများမှာဆိုလို့ရှိရင် ၂၀၁၂ ခုနှစ်မှာ ပြင်ပလူနာ (၂၈၁၂)ဦး၊ အတွင်းလူနာ(၂၃၅၄)ဦး၊ ၂၀၁၃ ခုနှစ်မှာ ပြင်ပလူနာ(၈၄၆၁)ဦး၊ အတွင်းလူနာ(၂၅၅၆)ဦးနှင့် ၂၀၁၄ ခုနှစ်မှာ မေလအထိ ပြင်ပလူနာ(၂၇၉၂)ဦးနှင့် အတွင်းလူနာ(၁၀၄၈)ဦးတို့ ရှိပြီးဖြစ်ပါတယ်။ မြို့နယ်ဆေးရုံအား (၂၅)ခုတင်ဆံ့ သတ်မှတ်ထားသော်လည်း နေ့စဉ် တက်ရောက်ကုသနေမှုမှာ လူနာဦးရေဟာ (၄၀)ကျော်၊ (၅၀)ခန့်အထိ ကုသပေးနေကြရပါတယ်။ လူနာဦးရေမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေပြီ ဖြစ်ပါတယ်။

လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်ပေးနေတာကို ကျေနပ်အားရဖွယ်ရာ တွေ့မြင်နေကြရပါတယ်။ လက်ရှိ ဆိပ်ဖြူမြို့နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော (၂၅)ခုတင်ဆံ့ဆေးရုံမှာ လူနာဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေသောကြောင့် လူနာများအတွက် လုံလောက်မှု မရှိတော့ပါသဖြင့် (၂၅)ခုတင်ဆံ့ဆေးရုံမှ ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**မင်းတပ်မြို့နယ်၊ မဒပ်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လေရှိကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်၊ မဒပ်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လေရှိကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်မြို့နယ်ရှိ မဒပ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန်နှင့် လေရှိကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းကတော့ မင်းတပ်မြို့နယ်ရဲ့ တောင်ဘက်ခြမ်းသည် လူနေမှုသိပ်သည်းပြီး ကျေးရွာငယ်နှင့် ကျေးရွာကြီးများ ပြန့်ကျဲလျက် တည်ရှိနေပါတယ်။ တောင်ဘက်ခြမ်းတွင် မရှိယေအုပ်စု(၁၁)ရွာ၊ မဒပ်အုပ်စု(၇)ရွာ၊ ကြာလေလှိုင်းအုပ်စု(၆)ရွာ စုစုပေါင်းကျေးရွာ(၂၄)ရွာတည်ရှိပြီး လူဦးရေ များပြားတဲ့ဒေသ ဖြစ်ပါတယ်။ တိုက်နယ်အမှတ်(၄)ရဲ့ မြောက်ဘက်ခြမ်းမှာ ဟီလောင်းအုပ်စု၊ ဖွီအုပ်စု၊ ပြေအုပ်စု၊ လေ့ကောင်း၊ အုံးအိမ်အုပ်စု စသည်အုပ်စုများရှိပြီး ကျေးရွာပေါင်း(၂၀)၊ စုစုပေါင်းကျေးရွာပေါင်း(၄၄)ရွာ အိမ်ခြေပေါင်း(၁၄၈၀) လူဦးရေပေါင်း(၈၂၉၈)ဦး ရှိပါတယ်။

မင်းတပ်မြို့နယ် တိုက်နယ်အမှတ်(၄)တွင် အလယ်ဗဟိုကျတဲ့ မဒပ်ကျေးရွာရှိ ကျန်းမာရေးဌာန(ခွဲ)ကို ကျန်းမာရေးဌာနအဆင့်သို့ အဆင့်တိုးမြှင့်ပေးမည်ဆိုပါက လူဦးရေ(၁၀၀၀၀)နီးပါး နေထိုင်တဲ့ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုမှာ လျင်မြန်စွာ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခရိုင်ကျန်းမာရေးဌာနရုံးရဲ့ ထောက်ခံချက်နဲ့ ပြည်နယ်သို့ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ပြီးတော့မှ မြို့နယ်အဆင့် ကော်(၃)ကော်မှလည်း ထောက်ခံ၍ ပြည်နယ်သို့ တင်ပြထားတဲ့ အမှုတွဲလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းကတော့ လေရှိကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ချထားပေးနိုင်ရန်ဖြစ်ပါတယ်။ မင်းတပ်-မတူပီ ပြည်ထောင်စုကားလမ်းမကြီးဟာ မိုင်အားဖြင့် (၁၀၂)မိုင် ရှိပါတယ်။ လေရှိရွာဟာ ယင်းကားလမ်းမကြီးပေါ်မှာ တည်ရှိတဲ့ ကျေးရွာကြီး ဖြစ်ပါတယ်။ မင်းတပ်ကနေ မိုင်(၇၀)ကွာဝေးပြီး မတူပီကနေ (၃၂)မိုင်ကွာဝေးတဲ့ ကားလမ်းမပေါ်မှာ တည်ရှိနေပါတယ်။ အဲဒီကျေးရွာကြီးဟာ ခရီးသည်များအတွက် ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ ရောင်းချ

ပေးတဲ့ ရွာနှင့် ကားလမ်းမပေါ်မှာ မတော်တဆ ကားတိုက်မှု၊ ဆိုင်ကယ်တိုက်မှုများဖြစ်လျှင် ယင်းရွာကိုသာ အဓိကထား အားကိုးနေရပါတယ်။ လမ်းမကြီးပေါ်မှာ ရွာကြီးများ မရှိပါဘူး။ ပ.ဆ.င စခန်းများသာ ရှိပါတယ်။ ဒါကြောင့် လေရှိကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ) ထားရှိပါက ကားလမ်းမကြီးပေါ်တွင် မမျှော်လင့်သည့် အရေးကြီးကိစ္စများ၊ အန္တရာယ်များနှင့် ကြုံတွေ့လာလျှင် အလွယ်တကူ ကြည့်ရှုနိုင်သည့် ရွာ ဖြစ်နေပါ၍ လေရှိကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ရောက်ရှိစဉ်က ပြည်သူများ တင်ပြချက်အပေါ် အခြေခံပြီး ယင်းကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ) ထားရှိသင့်ကြောင်းသုံးသပ်မိ၍ ယခုကဲ့သို့ လွှတ်တော်တွင် မေးခွန်းအဖြစ် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် (က) မဒပ်ကျေးရွာတွင် ကျန်းမာရေးဌာန(ခွဲ)ကို အဆင့်တိုးမြှင့်ပြီး ကျန်းမာရေးဌာနအဖြစ် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင်လည်းကောင်း၊ (ခ) လေရှိကျေးရွာတွင် မင်းတပ်-မတူပီ ကားလမ်းမကြီးပေါ်ရှိ ခရီးသွားပြည်သူများ အန္တရာယ်ကြုံတွေ့လာလျှင် အထူးအရေးပါသည့် ကျေးရွာဖြစ်၍ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် ကျန်းမာရေးဌာန(ခွဲ)အဆင့် ဖွင့်လှစ်ပေးနိုင်ရန် အမှုတွဲများနှင့်အတူ ပူးတွဲလျက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုမရှိသဖြင့် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် က ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှုမရှိသဖြင့် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပညာရှင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု မရှိသဖြင့် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပလက်ဝမြို့နယ်ရှိ တိုင်ဝကျေးရွာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ) နှင့် ကြက်မအိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များအတွက် ရန်ပုံငွေ(၂၅.၀၀)သန်းစီ ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါတယ်။ လုပ်ငန်းဆောင်ရွက်မယ့် စီမံကိန်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ် (၂၁၈၀ စ/ပေ)၊ ခြံစည်းရိုး (အုတ် - ၁၅၀

ပေ x ၆ ပေ)၊ အုတ်ခုံတုံး + ဒုပိတ် ၄၅၀ ပေ x ၆ ပေ၊ (၂)လက်မအကျယ် အဝီစိတွင်း ခန့်မှန်းအနက် (၂၀၀)ပေ၊ ဂါလန်(၄၀၀)ဆံ့ ဖိုက်ဘာရေတိုင်ကီ နှင့် (၁၆)ပေအမြင့် သံရေစင်၊ ဂါလန်(၈၀၀)ဆံ့ အုတ်ရေကန်၊ (၃)လက်မ နှစ်လုံးထိုး လေမှုတ်စက်နှင့် (၂)ကောင်အားမော်တာ၊ (၂)ကောင်အား ရေတင်စက် စသည်ဖြင့် ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

လုပ်ငန်းတည်ရှိရာ ကြက်မအိုင်ကျေးရွာကို ရောက်ရှိတဲ့အခါမှာ ပြည်သူလူထုနှင့် တွေ့ဆုံပြီး တင်ပြချက်အရ ကိုယ်တိုင်သွားရောက်ကြည့်ရှုတဲ့အခါကျတော့ သတ်မှတ်စံချိန်စံညွှန်းနဲ့ မကိုက်ညီတာကို တွေ့ရှိရပါတယ်။ ဖော်ပြပါ ခြံစည်းရိုးတွေလည်း မပါရှိပါဘူး။ အဝီစိတွင်း တူးထားခြင်းလည်း မတွေ့ရပါဘူး။ သံရေစင်လည်း မတွေ့ရပါဘူး။ သစ်နဲ့ပဲဆောက်လုပ်ထားတာကို တွေ့ရှိရပါတယ်။ ရေတိုင်ကီလည်း မပါရှိပါဘူး။ အုတ်ရေကန်ကလည်း ဂါလန်(၈၀၀) မဖြစ်နိုင်ကြောင်းကို တွေ့ရှိရပါတယ်။ လုပ်ငန်းပြီးစီးမှ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးမယ်လို့ သိရှိရပါတယ်။ သို့သော်လည်း အဆောက်အအုံ အခြေအနေမှာ စံချိန်စံညွှန်းနဲ့ မပြည့်စုံပြီးတော့ အဆောက်အအုံ အရည်အသွေးဟာ ညံ့ဖျင်းနေတာကို တွေ့မြင်နေရပါတယ်။ အဆောက်အအုံရဲ့ အခန်းအတွင်းပိုင်းမှာလည်းပဲ မိုးယိုပြီးမှ ရေဝပ်နေတာကို ကိုယ်တိုင်တွေ့ရှိရပါတယ်။ ဆင်ဝင်ကလည်း ပြိုကျလုမတတ် ဖြစ်နေပါတယ်။

ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦ ဆောက်လုပ်ခြင်းနဲ့ပတ်သက်လို့ ကန်ထရိုက်ရရှိတဲ့ ကုမ္ပဏီက ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခြင်း မဟုတ်ဘဲနဲ့ အဆင့်ဆင့် ဆပ်ကန်ထရိုက်နဲ့ ဆောက်လုပ်ခဲ့ကြောင်း စုံစမ်းသိရှိရပါတယ်။ အဆောက်အအုံ အမှန်တကယ် ဆောက်လုပ်သူလက်ထဲကို သတ်မှတ်ခွင့်ပြုတဲ့ ငွေဟာလည်းပဲ မရောက်ရှိဘဲနဲ့ (၂၄.၀၀)သန်းသာ ရောက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။ ယင်း အဆောက်အအုံနဲ့ စပ်လျဉ်းပြီးမှ ချင်းပြည်နယ်၊ သတ္တုသယံဇာတနှင့် သစ်တောရေးရာဝန်ကြီး၊ ပလက်ဝမြို့နယ် ဖွံ့ဖြိုးရေးတာဝန်ခံ ဝန်ကြီး ဦးကျော်ငြိမ်း ကိုယ်တိုင်လည်း တွေ့ရှိပြီးမှ အရည်အသွေး မမီကြောင်း၊ လက်ခံနိုင်ဖွယ်ရာ မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ အနည်းငယ် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒါ ပလက်ဝမြို့နယ်၊ ကြက်မအိုင်ကျေးရွာကို ရောက်ရှိတဲ့ လွှတ်တော်အစည်းအဝေး ရပ်နားချိန်မှာ ဒုတိယအကြိမ် ရောက်ရှိတဲ့မှတ်တမ်းဖြစ်ပါတယ်။ အဲဒါ ဆိုင်းဘုတ်ကလေး ဖြစ်ပါတယ်။ အဆောက်အအုံ ရဲ့ ကျောဘက်မှာ မီးဖိုချောင်အတွက် ဝန်ထမ်းများက တဲထိုးထားတဲ့ ဆိုင်းဘုတ်ကလေးနဲ့ ဖြစ်ပါတယ်။ အဲဒါကျတော့ ဆိုင်းဘုတ်ကို အနီးကပ် တွေ့မြင်ရအောင်လို့ လုပ်ထားတာဖြစ်ပါတယ်။ အဲဒါကျတော့ ညာဘက်မှာက ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောင်၊ ဘယ်ဘက်ကျတော့ ဝန်ထမ်းနေဖို့အတွက် အဆောက်အအုံ ဆောက်ပေးထားတာ ဖြစ်ပါတယ်။ အဲဒါကျတော့ စောစောက သံရေစင်နဲ့ မဟုတ်ဘဲနဲ့ သစ်သားနဲ့ ဆောက်ထားပြီးတော့မှ ရေတိုင်ကီ မတွေ့ရတဲ့ အနေအထား ဖြစ်ပါတယ်။ ဘေးနားကဟာကျတော့ ရေကန်ဖြစ်ပါတယ်။ ဒါက အဝင်ပေါ်တီကို ဖြစ်ပါတယ်။ အဲဒါကို ပြိုလုမတတ်ဖြစ်နေလို့ ဝါးနဲ့ထောက်ထားရတဲ့ အနေအထား ဖြစ်ပါတယ်။

အဲဒါကျတော့ ဆင်ဝင်ရဲ့အထက်မှာ ခေါင်မိုးပိုင်းက အက်ကွဲနေတာကို၊ အန္တရာယ်ရှိတဲ့ အကြောင်း တွေ့ရှိရတာ ဖြစ်ပါတယ်။ အဲဒါလည်း ဒုတိယအချက်ဖြစ်ပါတယ်။ အဲဒါကျတော့ အခန်းထဲမှာ ရေဝပ်နေတာကို ဓာတ်ပုံနဲ့ရိုက်ထားတာ ဖြစ်ပါတယ်။ အဲဒါကျတော့ ဘေးက တံစက်မြိတ်နားက ရေကျတဲ့ နေရာမှာ ရေတွင်းမရှိဘဲနဲ့ တွေ့မြင်ရတာ ဖြစ်ပါတယ်။ အဲဒါကတော့ အခန်းထဲက အိမ်သာ ဖြစ်ပါတယ်။

မြင်ရတဲ့အတိုင်းပါပဲ။ လက်ဆေးကန်လေးတောင် မပါပါဘူးခင်ဗျား။ အဲဒါကျတော့ အုတ်ရေကန် ဖြစ်ပါတယ်။ အထဲမှာ ရေမရှိပါဘူး။ အမှိုက်ပဲရှိပါတယ်။ အဲဒါကျတော့ ရေစင်နဲ့ အုတ်ရေကန်တွေကို ကြည့်ရှုရတဲ့ပုံဖြစ်ပါတယ်။ နောက်ဆက်လက်ပြီးတော့မှ Movie တစ်ချက်ထိုးပေးပါ ခင်ဗျား။ ဓာတ်ပုံနဲ့ ထိုးတာကျတော့ ကွန်ပျူတာနဲ့ ဖန်တီးတယ်လို့ ထင်မှာစိုးလို့ ကျွန်တော် Movie လေး ရိုက်ထားတာ ရှိပါတယ်ခင်ဗျား။ အဲဒါအခန်းထဲမှာ ရေဝပ်နေတဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အခန်းတွင်းမှာ အသုံးပြုထားခြင်းမရှိဘဲနဲ့ ရေပဲလှောင်ထားတဲ့ ပုံစံမျိုးဖြစ်အောင် ရေစင်ပေါ်မှာ ရေမတွေ့ရဘဲနဲ့ အခန်းထဲမှာပဲ ရေလှောင်ထားတာများလားလို့ ထင်စရာအကြောင်း ရှိပါတယ်။

အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီးမှ အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) သက်ဆိုင်ရာကျန်းမာရေးဌာနက တရားဝင် လက်ခံထားပြီးခြင်း ရှိ/မရှိ။ (၂) အဆောက်အအုံ လက်ခံချိန်တွင် စံချန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ/မရှိ ကို စစ်ဆေးမှုပြုခြင်း ရှိ/မရှိ။ (၃) သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိသည်ကို တွေ့ရှိပါက မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

သစ်နှင့် ဆောက်ထားပြီး ရေတိုင်ကီ မတွေ့ရသော ရေစင်ပုံ(ခ)



ပြိုလုမတတ်ဖြစ်၍ ဝါးနှင့်ထောက်ထားရသော အဝင်ပေါ်တီကို ပုံ (ခ-၁)

အုတ်၊ ဘိလပ်မြေများကွဲအက်နေပုံ ပုံ (ခ-၂)

**ဥက္ကဋ္ဌ**။ ။ ကန်ထရိုက်ရတဲ့လူက ဆောက်တာမဟုတ်ဘဲနဲ့ ကန်ထရိုက်အဆင့်ဆင့်လွှဲပြီး ဆောက်တာပေါ့။

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘာနဲ့တူလဲဆိုတော့ ပွဲဈေးတန်းထဲမှာ ဈေးရောင်းတာ ဆီးသီးဗန်း မှောက်ကျသလိုပဲ။ သူက ဆီးသီးရောင်းဖို့ ဆီးသီးဗန်းနဲ့သွားတာ မှောက်လဲကျရော ဟိုလူက တစ်ဆုပ်နှိုက်စား၊ ဒီလူက

တစ်ဆုပ်နှိုက်စားနဲ့ တဝက်လောက်ပဲ ကျန်တယ်။ ဘတ်ဂျက်က အဲဒီလိုဖြစ်နေတာပေါ့။ ဒီကိစ္စက ဟိုတစ်နေ့ကလည်း ပြောပြီးပြီ။ ဒါကြောင့်မို့လို့ ဘတ်ဂျက်တွေ ခွင့်ပြု ခွင့်ပြုတဲ့ဘတ်ဂျက်တွေက ကြားထဲက ဟိုလူနှိုက်စား၊ ဒီလူနှိုက်စား အဲဒီလိုဖြစ်နေတဲ့အနေအထား ရှိတယ်။ ဒါက တိုင်းဒေသကြီး/ ပြည်နယ်တွေကပဲ အနီးကပ်ကြီးကြပ်တာပေါ့။ ဒီက ပြည်ထောင်စုဝန်ကြီးဌာနကတော့ သွားပြီးတော့ မကြီးကြပ်နိုင်ဘူး။ သို့သော် စနစ်တစ်ခု တီထွင်ဖို့တော့ လိုပြီထင်တယ်။ ဒီကာလမှာပေါ့။ ဒီတည်ဆောက်ရေးကိစ္စတွေ။ အရင်တုန်းက လိုအပ်ချက်တွေကို အင်နဲ့အားနဲ့ဖြည့်ပေးနေတဲ့ကာလအတွက် အထူးလုပ်ဆောင်ဖို့၊ စစ်ဆေးဖို့ စနစ်တစ်ခုတော့ အဖွဲ့တစ်ခုတော့ ရှိဖို့လိုပြီလို့ ထင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသည့် မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ၏ မေးခွန်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဖွဲ့စည်းပုံသို့ တိုးမြှင့်ရန် ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေး တင်ပြပေးနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်များနှင့်အညီ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ မြေနေရာလုံလောက်မှု ရှိ/မရှိ၊ အဆောက်အဦ ဆောက်လုပ်ရန် လိုအပ်ချက် ရှိ/မရှိ နှင့် နယ်မြေဒေသအခြေအနေနှင့် မြေပြင် အမှန်တကယ် လိုအပ်မှု ရှိ/မရှိ တို့ကို သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၃၇/မခ(ဃ) ၂၀၁၄/၁၂၁၅၅ ဖြင့် ညှိနှိုင်းပေးပို့ထားရှိပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ၏ မေးခွန်းနဲ့စပ်လျဉ်း၍ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မဒပ်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ရန်နှင့် လေရှိကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးနိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ၏ မေးခွန်းနဲ့စပ်လျဉ်း၍ ပလက်ဝမြို့နယ်၊ တိုင်ဝကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် ကြက်မအိုင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အဦ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းလာ

သော မေးခွန်းအား အဆောက်အဦလက်ခံချိန်တွင် သတ်မှတ်စံချိန်စံညွှန်းနဲ့ ကိုက်ညီမှု ရှိ/မရှိ ကို ပလက်ဝ မြို့နယ်တာဝန်ခံ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်တိုင် ကွင်းဆင်းစစ်ဆေး၍ လိုအပ်ချက်များကို ပြန်လည်ပြုပြင်ပေးရန် မှာကြားခြင်း၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အား ပြုပြင်ပြီးကြောင်း မှတ်တမ်းဓာတ်ပုံများ တင်ပြစေခြင်း၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်ပြီးမှသာ ငွေလက်ကျန်များကို ထုတ်ယူခွင့်ပြုခြင်းတို့ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ သေသေချာချာလည်း စစ်ခိုင်းပါဦး ဒုတိယဝန်ကြီးရယ်။ ပေါ်တီကိုအောက်မှာတင် သူက ကိစ္စလျှောသွားနိုင်တဲ့ သဘောရှိတယ်။ တော်တော်ဆိုးပါတယ်။ ဝါးနဲ့ ထောက်ထားရတယ်ဆိုတာ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင် ကျင်းပတော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော

အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ကျွန်တော် ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်း ခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အင်္ဂလိပ်ဝေါဟာရ အသုံးအနှုန်း သုံးစွဲခွင့်ပြုပါရန်နှင့် ဖတ်ကြားခွင့်ပြုပါရန်လည်း တစ်ပါတည်း ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အချိန်လည်း ပိုပြီးတော့ ခွင့်ပြုပါမယ်။ တစ်ပါတည်းပဲ ခွင့်ပြုလိုက်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့ပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော်က ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကဏ္ဍပေါင်းစုံမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ရာမှာ အောင်မြင်မှု တော်တော်များများ ရရှိခဲ့သလို ရလဒ်ကောင်းများ ဆက်လက်ရရှိရေးကိုလည်း အဖက်ဖက်မှ အားဖြည့်လုပ်ဆောင်လျက်ရှိတာ တွေ့ရှိကြ ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်း အခါအခွင့်သင့်တိုင်း မိမိနိုင်ငံအား ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး၊ လူတိုင်းနိုင်ငံတော်အား ချစ်မြတ်နိုးသော စိတ်ဓာတ်ဖြင့် အတူလက်တွဲ ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ် လုပ်ကိုင်ရေးတို့ကိုလည်း ဖွင့်ဟမိန့်ဆိုခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ အစိုးရများအပေါ် နှစ်အဆက်ဆက် တင်ရှိခဲ့တဲ့ ချေးငွေအကူအညီများကို လျှော်ပစ်ခွင့်ရရှိရေး၊ မိမိအစိုးရ သက်တမ်းကာလအတွင်းမှာ နိုင်ငံတော်အစိုးရများ၊ နိုင်ငံတကာအစိုးရများ၊ ကမ္ဘာ့ဘဏ်နဲ့ လက်အောက်ခံ ငွေကြေးအဖွဲ့အစည်းများ၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည်တို့မှ အထောက်အပံ့ အကူအညီတွေများရရှိရန်နဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားများအကျိုးကို ရည်မျှော်လုပ်ဆောင်လာခဲ့တာတွေလည်း ထူးခြားချက်များအဖြစ် မှတ်တမ်းတင်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဦးစားပေး အကောင်အထည် ဖော် ဆောင်ရွက်ရတဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရည်မှန်းချက်အတိုင်း ထိရောက် အကျိုးရှိပြီးတော့ စာရင်းနည်းလမ်းတကျ ဖြစ်စေရေး၊ လုပ်ဆောင်သွားကြရန် စတဲ့ လမ်းညွှန်မှာကြားချက် များကိုလည်း မှတ်သားခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) အပိုဒ် ၁၀၃၊ ပုဒ်မခွဲ(ဂ) နဲ့ (င) တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့မှာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာတဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေမှာ ပါရှိတဲ့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ အခြားအသုံးစရိတ်များနဲ့ စပ်လျဉ်းတဲ့ ကိစ္စများကို

ဆွေးနွေးတင်ပြလိုပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများဟာ ငွေလုံးငွေရင်း အသုံးစရိတ် ခေါင်းစဥ်အောက်မှာ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လုပ်ကိုင်မည့် အမျိုးသားစီမံကိန်း နောက်ဆက်တွဲ ၂(က) အောက်မှာ ဘဏ္ဍာနှစ်အောက်မှာပါရှိတဲ့ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်ရန်ပုံငွေများကို မူလခန့်မှန်းခြေစာရင်း (BE) အဖြစ်လည်းကောင်း၊ ထပ်မံလိုအပ်ရန်ပုံငွေများကို နောက်ထပ် သို့မဟုတ် (ဖြည့်စွက်) လိုအပ်ရန်ပုံငွေ ခန့်မှန်းခြေစာရင်း (RE) အဖြစ်လည်းကောင်း တင်ပြတောင်းခံမှုများအပေါ် ပြည်ထောင်စုလွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်မှာ ဖွဲ့စည်းထားကြတဲ့ ရေးရာကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကနဦးစိစစ်မှုများ ပြုလုပ်ကြရပါတယ်။ ဒီနောက် ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများမှ ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်အကြံပြု တင်ပြဆွေးနွေးကြပြီးလျှင် သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဝန်ကြီးဌာနများအနေနဲ့ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လုပ်ကိုင်ကြမည့် စီမံကိန်းလုပ်ငန်း များဟာ နှစ်တိုနှစ်ရှည် စီမံကိန်းများအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဥ် (Year - Wise Project Implementation Schedules)၊ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဥ် (Yearly Project Implementation Schedules) နဲ့ ဘဏ္ဍာနှစ်အတွင်း လအလိုက် လျာထားလုပ်ငန်းပမာဏ လိုအပ်ရန်ပုံငွေ ဆောင်ရွက်ဆဲစီမံကိန်းများ (On-going Projects) ဖြစ်ပါက ရန်ပုံငွေ တင်ပြတောင်းခံတဲ့ နှစ်မတိုင်မီ ကုန်လွန်ပြီး ဘဏ္ဍာနှစ်ကုန်အထိ စီမံကိန်းလုပ်ငန်း ခေါင်းစဥ်အလိုက် ပြီးစီးမှုရာခိုင်နှုန်းများနဲ့ စီမံကိန်းလုပ်ငန်းတစ်ခုလုံး ပြီးစီးမှုရာခိုင်နှုန်း (Weighted Progress Percentage) စသည်တို့ကို ဖော်ပြလျက် တောင်းခံကြရပါတယ်။ ၎င်းအပြင် အဆိုပါ တောင်းခံချက်များကို အားဖြည့်အထောက်အကူ ပြုစေဖို့အတွက် လူ၊ လုပ်အား၊ ပစ္စည်း၊ စက်၊ ယာဥ်ယန္တရား များ အသုံးပြုခြင်းဆိုင်ရာ ပါဝင်တဲ့ လုပ်ငန်းအခြေခံစံနှုန်းများ (Analyses of Rates)၊ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်မှ လုပ်အား၊ ပစ္စည်း၊ သယ်ယူပို့ဆောင်စရိတ်၊ ငှားရမ်းခများ စသည်တို့အတွက် သတ်မှတ် ဒေသပေါက်စျေးနှုန်းများ (Local Prevailing Rates)၊ ဝန်ကြီးဌာနမှ ပြုစုအတည် ပြုထားတဲ့လုပ်ငန်း အမျိုးအစား၊ ပစ္စည်းအမျိုးအစားအလိုက် လုပ်ငန်းခွင်အရောက် ထုတ်ပေး တစ်ယူနစ် ကုန်ကျစျေးနှုန်း များ (Unit Issue Rates) စသည် တို့ကို ပြည့်စုံစွာ ပူးတွဲတင်ပြရန် လိုအပ်ပါတယ်။ Issue Rates များဟာ အများအားဖြင့်၊ မြန်မာကျပ်ငွေဖြင့် ပြုစုရသော်လည်းပဲ ပြည်ပမှ ဝယ်ယူပစ္စည်း၊ လုပ်အားခများ အကျုံးဝင် လာလျှင် နိုင်ငံခြားသုံးငွေ (FE) သို့မဟုတ် ညီမျှကျပ် (Kyat Equivalent) ဖြင့် ဖော်ပြရန် လိုအပ်ပါတယ်။ နိုင်ငံခြားအတိုင်ပင်ခံအဖွဲ့ရဲ့ ထောက်ခံသတ်မှတ်စျေးနှုန်း၊ ကမ္ဘာ့ဘဏ် သို့မဟုတ် အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ထောက်ခံသတ်မှတ်စျေးနှုန်း၊ နိုင်ငံခြားကုမ္ပဏီများ (Foreign Developers) မှ သတ်မှတ်ထောက်ခံ စျေးနှုန်းများ စသည်ဖြင့် ဖော်ပြရန် လိုအပ်ပါတယ်။ အဲဒီက သတ်မှတ်တဲ့ စျေးနှုန်းများအပေါ်မှာ မျှတခြေ ရှိမှု (Justification) အတွက် စိစစ်ဖော်ပြရန်လည်း လိုအပ်ပါတယ်။ သို့မှသာလျှင် လွှတ်တော်ရေးရာ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆက်စပ်ညှိနှိုင်းစိစစ်ရာမှာ လွယ်ကူအဆင်ပြေ ချောမွေ့မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးတင်ပြပါ အချက်အလက်များကို စုစည်းပါက စီမံကိန်းလုပ်ငန်း တစ်ခုလုံးရဲ့တန်ဖိုးကို သိရှိနိုင်တဲ့ စီမံကိန်းခန့်မှန်းခြေစာရင်း (Project Cost Estimates) အဖြစ် ထွက်ပေါ်လာမည်ဖြစ်ပါတယ်။ ဖော်ပြပါ စီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနဲ့ ဆက်စပ်လျက်ရှိတဲ့ ကဏ္ဍအလိုက် လုပ်ငန်းအတိုင်းအတာအပေါ် အခြေခံတဲ့လုပ်ငန်း

ထုထည်ပမာဏ၊ ခန့်မှန်းကုန်ကျငွေ၊ အကောင်အထည်ဖော်မယ့် ကာလအပိုင်းအခြား (Project Duration)၊ အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်အချိုး (Benefit Cost Ratio)၊ အရင်းကြေမည့်ကာလ(နှစ်) (Recoverity Period) စသည့် ပြည့်စုံစွာ စာရင်းပြုစုပြီးတော့ သက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းဌာန တာဝန်ခံ (Head of Department) မှာ စက်မှုဆိုင်ရာ စံချိန်စံညွှန်း ထောက်ခံအတည်ပြုချက် (Technical Session) ချမှတ်လျက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန အောက်မှာရှိတဲ့ စီမံကိန်းစိစစ်ရေးနဲ့ တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ အတိုကောက်တော့ (စိစစ်တိုး)လို့ သိရပါတယ်။ စိစစ်တိုးသို့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပေးပို့တင်ပြသွားရမှာ ဖြစ်တယ်လို့ နားလည်ထားပါတယ်။ကျွန်တော်တို့လည်း ကျင့်သုံးခဲ့ကြပါတယ်။ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနများမှ စီမံကိန်းလုပ်ငန်းခန့်မှန်းခြေစာရင်းများ ပြုစုခြင်းနဲ့ ဆက်စပ်ပါရှိရမယ့် အစီရင်ခံစာ၊ ဒီဇိုင်းပုံစံတွက်ချက်မှု စာရင်းဇယားများ အသေးစိတ်ကိုတော့ ကျွန်တော် ဖော်ပြခြင်းမပြုတော့ပါဘူး။ ဒီနောက် စိစစ်တိုးမှ အဆိုပါ ခန့်မှန်းခြေစာရင်းများကို စိစစ်ပြီးတဲ့နောက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လျက် ယင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တစ်ဖန် ဆက်လက်တင်ပြ အတည်ပြုချက် ရယူပြီးမှသာလျှင် ဘောင်ဝင်၍ ဘဏ္ဍာနှစ်အလိုက် ဖော်ပြကိန်းဂဏန်းများ၊ တောင်းခံရန်ပုံငွေများဟာလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းနည်းလမ်း ကျနမယ်လို့ သုံးသပ်ယူဆပါတယ်။ လုပ်ဆောင်မှု အမြင့်ဆုံးအဖြစ် ဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် စိစစ်တိုးမှ စစ်ဆေးပြီးသည့်အဆင့်အထိ ဆောင်ရွက်ပြီးစီး ထားနိုင်ပါက နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ တင်ပြမှုနှင့်စပ်လျဉ်း၍ မျှတမှုရှိမည့် လက်ခံနိုင်ဖွယ်ရာ အခြေအနေများ ဖြစ်တယ်လို့ ကျွန်တော်တို့ ယူဆရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်း ဆွေးနွေးတင်ပြခဲ့တဲ့ ဘဏ္ဍာငွေအရအသုံး တင်ပြတောင်းခံမှုများနဲ့ ဆက်စပ်လျက် အချို့ဝန်ကြီးဌာနများရဲ့ တင်ပြချက်များဟာ ပြည့်စုံကြပြီးတော့ လက်ခံနိုင်ဖွယ်ရာ တွေ့ရှိခဲ့ကြရသော်လည်းပဲ ပြည့်စုံမှုမရှိသော ဝန်ကြီးဌာနအချို့လည်းရှိနေတယ်လို့ သုံးသပ်လိုပါတယ်။ ကျွန်တော့်အနေနဲ့ ယခင်က ဝန်ကြီးဌာနများမှာ တာဝန်ထမ်းဆောင်လာခဲ့ပြီးတဲ့နောက် ယခုအခါမှာ လက်ရှိဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းဌာနများရဲ့ အားနည်းချက်များအဖြစ် ယူဆထောက်ပြ ဆွေးနွေးခြင်းမျိုး မဟုတ်ဘဲ လုပ်ငန်းဌာနများမှ ဆောင်ရွက်လုပ်ကိုင်ကြရင်း ရိုးသားစွာဖြင့် လိုအပ်ချက် ဖြစ်ပေါ်လာမှုများ အပေါ် ပိုမိုတိုးတက်ကောင်းမွန်စေလိုသော ဆန္ဒစိတ်ရင်းအမှန်ဖြင့်သာ ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ လွှတ်တော်အရပ်ရပ် ပေါ်ပေါက်လာပြီး (၃)နှစ်ကျော်ကာလအတွင်း၊ သို့မဟုတ် ပထမအကြိမ် လွှတ်တော်အရပ်ရပ် ဒသမပုံမှန်အစည်းအဝေးအချိန်အထိ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးနှင့်စပ်လျဉ်းတဲ့ ဝန်ကြီးဌာနအချို့ရဲ့ အောက်ရှိ လုပ်ငန်းဌာနများနဲ့ ထိတွေ့ပူးပေါင်း ဆက်ဆံလာခဲ့ရတဲ့ အတွေ့အကြုံများအရ အပြုသဘောဆောင်တဲ့ ဆွေးနွေးတင်ပြခြင်းလည်း ဖြစ်ပါတယ်။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လက်အောက် လုပ်ငန်းဌာနများဟာလည်း နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ အောင်မြင်စေရေး အချိန်ပြည့်ကြိုးပမ်းအားထုတ်လုပ်ဆောင်နေကြရလို့ ဘက်ပေါင်းစုံမှ တစ်ပြိုင်တည်း ပြီးပြည့်စုံအောင် ဆောင်ရွက်ရန် အခက်အခဲရှိမယ် ဆိုတာလည်း နားလည်ထားပါတယ်။ သို့သော်ငြားလည်း ဆောင်ရွက်ချက်များနဲ့ ဆက်နွယ်နေတဲ့ စာရင်းဇယားပိုင်း စနစ်ကျနမှု ရှိစေဖို့ကိုတော့ တစ်ပါတည်း ထပ်ခြပ်မကွာ လိုက်ပါနိုင်အောင် လုပ်ဆောင်ကြဖို့ လိုတယ်လို့ အကြံပြုလိုပါတယ်။ အချို့လုပ်ငန်းဌာနများမှ တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိကြတဲ့ နှစ်တိုနှစ်ရှည် စီမံကိန်းများရဲ့ စီမံကိန်းတန်ဖိုးများ (Project Costs) သို့မဟုတ် စီမံကိန်း ခန့်မှန်းကုန်ကျ

စရိတ်များ (Project Cost Estimates) ဟာ (က) သက်ဆိုင်ရာ ဝန်ကြီးဌာနအဆင့်သို့ပင် တင်ပြ ပြန်လည်ပြုပြင် လုပ်ဆောင်မှုမရှိ ဟု ယူဆခြင်း၊ (ခ) စိစစ်တိုး သို့ တစ်စုံတစ်ရာတင်ပြ စိစစ်စေမှု မရှိခြင်း၊ (ဂ) အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူမှု မရှိခြင်း စသည်တို့ကို လေ့လာတွေ့ရှိရပါတယ်။ ဘဏ္ဍာနှစ် တိုင်းတွင်ပင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုအစီအစဉ်နဲ့ ယင်းအစီအစဉ်မှာ မူလနှင့် လျာထားလုပ်ငန်း ထုထည်ပမာဏများ ပြောင်းလဲမှုများ ရှိနေခြင်း၊ စီမံကိန်းတန်ဖိုးများ မိမိဦးစီးဌာန၊ လုပ်ငန်းဌာန အစီအမံများဖြင့် ပြောင်းလဲတိုးမြှင့်ကြခြင်း၊ အချို့ စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ် တစ်ခုတည်းတွင်ပင် ယင်းဘဏ္ဍာနှစ်မတိုင်မီ ရှေ့ပိုင်းဘဏ္ဍာနှစ်တွင် ဖော်ပြကိန်းဂဏန်းများ ကွဲလွဲမှု၊ တောင်းခံဘဏ္ဍာနှစ်၊ မူလခန့်မှန်းခြေစာရင်း(BE)တွင် ထပ်မံပြုပြင်ပြီး စီမံကိန်း ခန့်မှန်းတန်ဖိုး (Revised Project Costs) ကိန်းဂဏန်းများ ကွဲလွဲမှုနှင့် ယင်းဘဏ္ဍာနှစ်၏ နောက်ထပ် လိုအပ်ရန်ပုံငွေ အသုံးစရိတ် ဖြည့်စွက် (RE) တွင် ဒုတိယအကြိမ် ပြုပြင်စီမံကိန်းတန်ဖိုး (Second Revised Project Costs) ထပ်မံ ကွဲလွဲမှုတို့ကို လေ့လာတွေ့ရှိနေရပါတယ်။ ၎င်းကိန်းဂဏန်းများကို ကနဦးကတည်းက ထိုကဲ့သို့ တတိယ အဖွဲ့အစည်းသို့ စိစစ်နိုင်ရန်ပို့ထားပါက လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်၍ မိမိလုပ်ငန်းဌာန အစီအမံဖြင့် လွယ်ကူစွာ ပြင်ဆင်ဆောင်ရွက်နိုင်ကြမယ် မဟုတ်လို့ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတင်ပြထားခဲ့သော စီမံကိန်းခန့်မှန်းခြေစာရင်း များဟာ စီမံကိန်းစတင်သည်မှ ပြီးဆုံးချိန်အထိ တည်ငြိမ်တည်မြဲနေရမည် ဟု မဆိုလိုပါ။ နှစ်အလိုက် ငွေကြေးတန်ဖိုးများ ဖောင်းပွမှု (Price Escalation)၊ လုပ်အားနှင့် ပစ္စည်းစရိတ်များ ကြီးမြင့်ပြောင်းလဲ လာမှု၊ လက်တွေ့ဆောင်ရွက်ချိန်တွင် မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်လာခြင်းမရှိမှု၊ ဒီဇိုင်း၊ နည်းစနစ်၊ လုပ်ငန်းသဘာဝ၊ အခြေအနေပြောင်းလဲလာမှု၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် မလွဲမရှောင်သာသော အကြောင်းတစ်ရပ်ရပ် စသည်ဖြစ်စဉ်များကြောင့် စီမံကိန်းတန်ဖိုး ပြောင်းလဲလာခြင်းတို့ကို မလွဲမရှောင် သာ ကြုံတွေ့ကြရမယ်ဆိုတာကို ကျွန်တော်တို့ နားလည်ပါတယ်။ ဆိုလိုတာကတော့ မူလပြုစုပြင်ဆင် ထားတဲ့ သတ်မှတ်စီမံကိန်း ခန့်မှန်းခြေတန်ဖိုးဟာ ဆောင်ရွက်ဆဲကာလတစ်ခုအတွင်း ကျော်လွန်ခြင်း (Cost Over-run) ရှိနိုင်မည် ဟု ယူဆချိန်မှာ ခန့်မှန်းခြေစာရင်းကို အကျိုးအကြောင်း ဖော်ပြပြုပြင် ပေးရမည်သာ ဖြစ်ပါတယ်။ မူလလုပ်ငန်းဌာနများက မိမိတို့လက်ဝယ်တွင် ထားရှိပြီးတော့ စစ်ဆေးစိစစ်မှု တာဝန်ယူရသည့် အဖွဲ့အစည်းသို့ တစ်နှစ်ကြာလည်း မတင်ပြ၊ နှစ်နှစ်ကြာလည်း မတင်ပြ၊ သုံးနှစ်ကြာ လည်း မတင်ပြနဲ့ ထားရှိခဲ့ကြတဲ့အတွက် ဈေးနှုန်းပြောင်းလဲမှုများ၊ ဆောင်ရွက်ပြီးစီးထားမှုများ၊ ပျက်စီးခြင်း ကြောင့် ထပ်မံပြင်ဆင် ဆောင်ရွက်ရမှုများ စသည် စသည်တို့ ကွင်းဆက်ဖြစ်ပေါ်လာရခြင်း ဟု သုံးသပ်လို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးချက်များနဲ့ ဆက်စပ်လျက်ရှိတဲ့ ငွေလုံးငွေရင်း သာမန်အသုံး စရိတ်ဆိုင်ရာများကိုလည်း ဆက်လက်တင်ပြလိုပါတယ်။ အချိန်ကာလတစ်ခု ကြာခဲ့သည့်နောက် ပြီးစီး ထားတဲ့ စီမံကိန်းလုပ်ငန်းများ၊ ဥပမာ - ပြီးစီးထားသည်မှာ (၅)နှစ်ရှိပြီ၊ (၁၀)နှစ်ရှိပြီ စသည်ဖြင့်ပေါ့ ဆက်လက်ရှင်သန်စေရေးအတွက် ပြီးစီးခဲ့တဲ့ နောက်ပိုင်း နှစ်အဆက်ဆက်မှစပြီး ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ (Current Budget) ခေါင်းစဉ်အောက်မှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းသဘာဝ ဖြစ်ပါတယ်။ လက်ရှိအချိန်များမှာ အဆိုပါ ပြီးစီးထားတဲ့ ထိန်းသိမ်းရေးလုပ်ငန်းအောက်တွင်ရှိ လုပ်ငန်းများကို ဝန်ကြီး ဌာန သို့မဟုတ် လုပ်ငန်းဌာန၏ အစီအမံဖြင့် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေ (Capital Budget)

ခေါင်းစဉ်အောက်မှ တင်ပြတောင်းခံ သုံးစွဲခြင်းဟာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနဲ့ ငွေစာရင်းနည်းလမ်းကျနခြင်းမရှိ ဟု ယူဆပါတယ်။ ပြုပြင်ထိန်းသိမ်း လုပ်ဆောင်ရမယ့် အတိုင်းအတာ ပမာဏကြီးမား၍လည်းကောင်း၊ အချိန်ကာလ ကြာညောင်းလာခဲ့တဲ့အလျောက် ပျက်စီးယိုယွင်းမှု များပြား၍လည်းကောင်း၊ သာမန်အသုံးစရိတ် ရန်ပုံငွေဖြင့် မည်သို့မျှ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လုပ်ဆောင်ရမည်ဆိုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ငွေလုံးငွေရင်းမှ ဆောင်ရွက်နိုင်မည့် စီမံကိန်းပုံစံ သွတ်သွင်းလျက် လိုအပ်ချက်ပြည့်စုံသော အမှုတွဲဖြင့် တင်ပြခွင့်ပြုချက် တောင်းခံရမည်သာဖြစ်ပါတယ်။ အခြားတစ်ဖက်မှာလည်း ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်မှ ကျခံသုံးစွဲတဲ့အပြင် ခွင့်ပြုမည့် သာမန်အသုံးစရိတ် ခေါင်းစဉ် (Current Budget) အောက်မှပါ အချို့အဝက် ခွဲဝေမျှတ နှစ်ဖက်သုံးစွဲနေခြင်းများကိုလည်း ရှောင်ရှားသင့်ပါတယ်။ လွှတ်တော်ရေးရာကော်မတီများက ဘဏ္ဍာနှစ်တွင် တောင်းခံရန်ပုံငွေများကို စိစစ်ချိန်မှာ အချို့လုပ်ငန်းဌာနများအနေနဲ့ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက် အထောက်အထားများကို ကော်မတီများအနေနဲ့ တောင်းခံတဲ့အခါမှာ တင်ပြနိုင်ခြင်း မရှိသည်ကို တွေ့ရ၍ ယင်းကိစ္စအပေါ်လည်း အပြုသဘောဖြင့် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ရဲ့ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ လုပ်ငန်းများကို နိုင်ငံတော်မှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ ပါဝင်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များအရ နှစ်တိုနှစ်ရှည် စီမံချက်များချမှတ် လုပ်ဆောင်ရာမှာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများနဲ့ အဖက်ဖက်တွင် ဆက်စပ်လျက်ရှိတဲ့ လုပ်ငန်းပိုင်း၊ ငွေကြေး၊ ကြာမြင့်မည့်အချိန်ကာလ၊ ထွက်ပေါ်လာမည့် အကျိုးရလဒ် စသည်တို့ ပြည့်စုံစွာ ပါဝင်တဲ့ အထောက်အထားများနဲ့ နည်းလမ်းတကျ ဆောင်ရွက်ရန် သတ်မှတ်ထားသော လမ်းကြောင်းများကို ဖြတ်သန်းလျက် ပွင့်လင်းမြင်သာမှုရှိစေရေး စစ်ဆေးစိစစ်ခံကြရန် လိုအပ်တယ်လို့ သုံးသပ်လိုပါတယ်။

သို့မှသာလျှင် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ကိစ္စရပ်များနဲ့ ပါဝင်ပတ်သက်ကြတဲ့ အဖွဲ့အစည်း အားလုံးအတွက် အခက်အခဲများကို ကျော်လွှားပြီး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရ၏ ခွင့်ပြုချက် ရယူလိုက်နာ ဆောင်ရွက်စေရန် အဆိုကို လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဒေါ်နော်မေးရီယန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးမျိုးမြင့် တင်သွင်းသွားသော စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှု အစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူ

စစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်မ ဒေါ်နော်မေးရီယန် က ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၃၄ နာရီအချိန်တွင် ရပ်နားပါသည်။]